## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## နေပြည်တော်

Regency SPC Co.,Ltd မှ ဆောင်ရွက်လျက်ရှိသည့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်း
အတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate-ECC)

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၂၇၀ ) ရက်စွဲ။ ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးကျော်ဝင်းဟန်<br>ဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | အမှတ်(၉)၊ Block(၃၆)၊ နဝဒေးဥယျာဉ်အိမ်ရာ၊<br>ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၇၆၅၆၃၈၈၉၂၊<br>Email-obesservices@obcmm.com |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | ၁၃၃ မီတာ x ၁၉.၅ မီတာ |
| (စ) | **စီမံကိန်းတည်နေရာ** | - | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊<br>ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသ |
| (ဆ) | **ECC သက်တမ်း** | - | (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၂၁-၃-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၂၀-၃-၂၀၂၈ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | Regency SPC Co., Ltd ၏ ၁၃-၂-၂၀၂၃<br>ရက်စွဲပါစာ |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများ နှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**Regency SPC Co., Ltd ၏ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသတွင် ဆောင်ရွက်လျက်ရှိသည့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Regency SPC Co., Ltd မှ ဆောင်ရွက်လျက်ရှိသည့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းအတွက် Regency SPC Co., Ltd ၏ ၁၃-၂-၂၀၂၃ ရက်စွဲပါစာဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးကျော်ဝင်းဟန်၊ ဒါရိုက်တာ၊ အမှတ်(၉)၊ Block(၃၆)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၇၆၅၆၃၈၈၉၂၊ Email-obesservices@obcmm.com၊ Regency SPC Co., Ltd ဖြစ်ပါသည်။

၃။ **စီမံကိန်း၏အစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်းသည် ဓါတ်ဆီ၊ ဒီဇယ်နှင့် ကတ္တရာတို့ကို သိုလှောင်ဖြန့်ဖြူးသွားမည်ဖြစ်ပြီး စုစုပေါင်း ၃၄ မီလီယမ်ဂါလန် သိုလှောင်သွားမည်ဖြစ်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** စီမံကိန်းအတွက် စက်သုံးဆီသိုလှောင်ကန် ၁၂ ခု၊ Bowser ဆီထည့်ရန် နေရာ ၁၀ ခု၊ ဆိပ်ခံတံတား၊ မီးသတ်ရေလှောင်ကန်များနှင့် မီးသတ်ပိုက်များ၊ Oil Interceptor နှင့် အထောက်အကူပြုအဆောက်အအုံရေိယာနှင့် အုပ်ချုပ်ရေးရေိယာစသည့် ရေိယာ (၅) ခု တို့ကို အသုံးပြုသွားမည်ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသ၊ မြေကွက်အမှတ် (၁၇/၁၈)A၊ မြေပုံအမှတ် မြောက်လတ္တီကျု ၁၆° ၃၈' ၅၄.၁၂"၊ အရှေ့လောင်ဂျီကျု ၉၆° ၁၆' ၃.၄၉" တွင် တည်ရှိပါသည်။

**Regency SPC Co., Ltd ၏ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသတွင် ဆောင်ရွက်လျက်ရှိသည့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်း၏ တည်နေရာပြမြေပုံ**





**Legend**

Project Site

Yangon River

Thilawa Road

## Regency SPC Co., Ltd ၏ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသတွင် ဆောင်ရွက်လျက်ရှိသည့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်း၏ Layout Plan




ပြည်ထောင်စု
ဝန်ကြီးရုံး

နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက Regency SPC Co., Ltd မှ ဆောင်ရွက်လျက်ရှိသည့် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေး လုပ်ငန်းအတွက် Regency SPC Co., Ltd ၏ ၁၃-၂-၂၀၂၃ ရက်စွဲပါစာဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် ဓါတ်ဆီ၊ ဒီဇယ်နှင့် ကတ္တရာတို့ကို သိုလှောင်ဖြန့်ဖြူးသွားမည်ဖြစ်ပြီး စုစုပေါင်း ၃၄ မီလီယမ်ဂါလန် သိုလှောင်သွားမည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ပစ္စည်းများနှင့် မော်တော်ယာဉ်များ အားလုံးအား စနစ်တကျထိန်းသိမ်းခြင်းနှင့် စက်ပစ္စည်းများနှင့် မော်တော်ယာဉ်များအား အသုံးပြုနေစဉ်တွင် လေထု ညစ်ညမ်းမှုကို လျော့နည်းစေသော ပစ္စည်းကိရိယာများကို တပ်ဆင်အသုံးပြုရန်၊

(၂) စီမံကိန်းဧရိယာရှိ စွန့်ပစ်ပစ္စည်းများ၊ သစ်ရွက်အမှိုက်များနှင့် လူနေအဆောက် အအုံမှ ထွက်ရှိမည့် အမှိုက်သရိုက်များကို မီးရှို့ခြင်းအား ရှောင်ကြဉ်ရန်၊

(၃) သိုလှောင်နေရာနှင့် အလုပ်ခွင်မှ Volatile Organic Compounds ထွက်ရှိမှု များအားလျှော့ချရန်၊ Gasoline များမှ အပူစုပ်ယူမှုကို လျှော့ချရန် မြေပြင် အထက်သိုလှောင်ကန်များတွင် အပူစုပ်ယူမှုနည်းသော အဖြူရောင်နှင့် အခြား အရောင်များကိုသာ အသုံးပြုရန်နှင့် ကျန်းမာရေးအခြေခံ စံနှုန်းများထက် ကျော်လွန်မှုမရှိစေရန် အခြားသော ထုတ်လွှတ်မှုထိန်းချုပ်စနစ်များ (Vapor

Recovery Systems for Unloading of Fuel Products from Road Tankers and For Filling Of Vehicles) များ တပ်ဆင်ထားရန်၊

(၄) လေအရည်အသွေးအား ချမှတ်ထားသော အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ အပိုဒ် ၁.၁၊ ထုတ်လွှတ်အခိုးအငွေ့ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေအရည်အသွေးအပေါ် သက်ရောက်မှုစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်မှ ထွက်ရှိမည့် စွန့်ပစ်ရေများကို စုဆောင်းပြီး Oil-Water Separator ဖြင့် ခွဲထုတ်သန့်စင်ခြင်းများ ပြုလုပ်ပေးရန်၊

(၂) ဓာတုပစ္စည်းများ ရောနှောနေသည့် စီးဆင်းရေများကို မြေအောက်ရေထဲသို့ ယိုစိမ့်ဝင်မှုမရှိစေရန် စနစ်တကျ စွန့်ပစ်ရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြစ်ကမ်းရိုးတန်းတစ်လျှောက်တည်ရှိသည့် အပင်များနှင့် ဂေဟစနစ်များအပေါ် ထိခိုက်စေသော လုပ်ငန်းများဆောင်ရွက်ခြင်းကို တတ်နိုင်သမျှရှောင်ရှားရန်၊

(၂) မြစ်ကမ်းပါးတစ်လျှောက် ကမ်းပါးပြိုမှုမဖြစ်စေရေး အပင်များကာရံစိုက်ပျိုး၍ ၎င်းနေရာများတွင် မြေပြင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို တားမြစ်ထားပြီး လိုအပ်မှသာဆောင်ရွက်ရန်နှင့် မြေပြိုမှုကို ထိန်းချုပ်ရန်အတွက် အပင်များစိုက်ပျိုးခြင်းကို ဆောင်ရွက်ရန်၊

(၃) နုန်းအနည်ကျမှုနှင့် ပေါင်းပင်များပေါက်ရောက်ခြင်းကို လျှော့ချနိုင်ရန် ဆောင်ရွက်ခြင်း၊ မြစ်ချောင်းများအတွင်း ဆီဖိတ်စင်ယိုစိမ့်မှုများ မရှိစေရေးအတွက် ကာကွယ်ထိန်းချုပ်ခြင်းနှင့် စွန့်ထုတ်အရည်များ မတော်တဆ ဖိတ်စင်ဝင်ရောက်မှုမရှိစေရေးအတွက် လိုက်နာဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေအရည်အသွေးပေါ် ထိခိုက်မှုလျော့နည်းစေရန် စွန့်ပစ်ရေများအား နုန်းထောင်ချောက်များ (Silt Trap) ၊ Oil/ Water Seperator များဖြင့် စစ်ထုတ်၍ ရေလွှဲမြောင်းများထားရှိကာ စီမံခန့်ခွဲရန်၊

(၂) စက်ပစ္စည်းများနှင့် မော်တော်ယာဉ်များမှထွက်ရှိမည့် စွန့်ပစ်စက်ချောဆီများနှင့်

အခြားအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ဒီဇိုင်းထုတ်ထားသော Container များတွင် စနစ်တကျစွန့်ပစ်ခြင်းနှင့် IFC General EHS Guidelines နှင့်အညီ သီးခြားသတ်မှတ်ထားသော နေရာများတွင် သိုလှောင်စွန့်ပစ်ရန်၊

(၃) ပြန်လည်အသုံးပြု၍ရသော စွန့်ပစ်ပစ္စည်းများကို Recycle နည်းလမ်းဖြင့် ပြန်လည်အသုံးပြုရန်နှင့် လောင်စာဆီ၊ ဆီ သို့မဟုတ် အညစ်အကြေးများအပြင် ယိုဖိတ်သော စွန့်ပစ်ပစ္စည်းများကို IFC General EHSလမ်းညွှန်ချက်များတွင် ဖော်ပြထားသည့်အတိုင်း အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအဖြစ် စီမံခန့်ခွဲရန်၊

(၄) Sanitation Facilities၊ Waste Disposal System၊ အမှိုက်ပုံးများထားရှိရန်နှင့် ကောက်ယူစွန့်ပစ်သည့် စနစ်များကျင့်သုံးဆောင်ရွက်၍ စွန့်ပစ်အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်။

(ဆ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအတွင်းသို့ မော်တော်ယာဉ်များဝင်ရောက်မှုအား ပုံမှန်အလုပ်လုပ်ချိန် အတွင်းတွင်သာ ဝင်ထွက်သွားလာစေရန်၊

(၂) အသံဆူညံမှုဖြစ်ပေါ်စေသော စက်ပစ္စည်းများကို နံနက် ၆ နာရီ ၃၀ မိနစ် မှ ညနေ ၆ နာရီ ၃၀မိနစ်အတွင်းတွင်သာ လည်ပတ်မောင်းနှင်စေရေး ကန့်သတ်ဆောင်ရွက်ရန်၊

(၃) မော်တော်ယာဉ်ကြီးများကို မောင်းနှင်စဉ်တွင် ၁ နာရီ ၄၀ ကီလိုမီတာထက် မကျော်လွန်စေဘဲ မောင်းနှင်ရန်၊

(၄) စက်ပစ္စည်းများနှင့် မော်တော်ယာဉ်များမှ ထွက်ရှိသည့် အသံဆူညံမှုကို လျှော့ချရန် အသံဆူညံမှု နည်းသောနည်းပညာများအသုံးပြုခြင်းနှင့် အသံကာနံရံများ (Sound Shields) တည်ဆောက်ရန်။

(ဇ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းပိုင်ရှင် သို့မဟုတ် တာဝန်ရှိသူမှ လုပ်ငန်းခွင်လုံခြုံရေး အစီအစဉ်များ (ဥပမာအားဖြင့် စီမံကိန်း၏စီမံခန့်ခွဲမှုအောက်တွင် တိုက်ရိုက်အလုပ်လုပ်နေသော ဝန်ထမ်းများနှင့် လုပ်သားများအား လည်ပတ်ရေးကာလ တစ်လျှောက်လုံး Personal Protective Equipment များဝတ်ဆင်စေခြင်း၊ အရေးပေါ်တုံ့ပြန်ရေး

အစီအစဉ်များနှင့် လုပ်ငန်းဆိုင်ရာသင်တန်းများတွင် ပါဝင်စေခြင်း၊ စက်များ၊ ကိရိယာများကို ကိုင်တွယ်ရမည့် လုပ်ငန်းစဉ်များကို သင်ယူစေခြင်းနှင့် အရေးပေါ် အချက်ပေးစနစ်ကို စောင့်ကြည့်စစ်ဆေးခြင်း) ထားရှိဆောင်ရွက်ရန်၊

(၂) စက်ပစ္စည်းများ/ကိရိယာများကို အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရန် သင်တန်းများ ပို့ချရန်နှင့် မတော်တဆမှုများဖြစ်ပေါ်လာပါက တာဝန်ရှိသည့် သက်ဆိုင်ရာဌာန များသို့ အစီရင်ခံတင်ပြရန်၊

(၃) စီမံကိန်းရှိ လုပ်သားများအား သောက်သုံးရေနှင့် ဆေးပစ္စည်းများ ထောက်ပံ့ရန်၊

(၄) လုပ်သားများအား အရေးပေါ်တုန့်ပြန်ဆောင်ရွက်မှု သင်တန်းများကို ပို့ချရန်နှင့် လုပ်ငန်းခွင်အတွင်း အရေးပေါ်တုန့်ပြန်မှုအစီအစဉ်များကို ဝန်ထမ်းများနှင့် အလုပ် သမားတစ်ဦးချင်းစီအား အရေးပေါ်အခြေအနေ တုန့်ပြန်ဆောင်ရွက်နိုင် ရေးသင်တန်း များလေ့ကျင့်သင်ကြားပေးရန်၊

(၅) အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက အလိုအလျောက်တုံ့ပြန်သည့် အချက်ပြ စနစ်များကို နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း တပ်ဆင်ထားပြီး အလုပ်သမား များနှင့် အများပြည်သူအနေဖြင့် လွယ်ကူစွာနားလည်မှုရှိစေရန် အချက်ပြစနစ် ဆောင်ရွက်မှုအား ထုတ်ပြန်ခြင်းများ ဆောင်ရွက်ရန်။

(ဈ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) မီးလောင်မှုဖြစ်ပွားပါက ကာကွယ်နိုင်ရန် ရုံးခန်းများအားလုံးတွင် မီးလောင်မှုမှ ထွက်ရှိသည့် အခိုးအငွေ့များအား အလိုအလျောက်တုံ့ပြန်သည့် အခိုးအငွေ့ တုံ့ပြန်သည့်စက် တပ်ဆင်ရန်နှင့် လုပ်ငန်းခွင်အတွင်း မီးအချက်ပေးစနစ်များ တပ်ဆင် ထားရှိရန်။

(၂) လုပ်ငန်းခွင်နေရာအားလုံးတွင် မီးသတ်ဆေးဘူးများ ထားရှိရန်၊ မီးသတ် ဆေးဘူးများ တပ်ဆင်ထားသော ဧရိယာ၏ ၁ စတုရန်းမီတာအား ရှင်းလင်း ထားရှိရန်နှင့် မီးသတ်ဆေးဘူးတည်နေရာတွင် ဆိုင်းဘုတ်များ တပ်ဆင်ထားရှိ ရန်။

(ည) **အနံ့ဆိုးစီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများနှင့် လုပ်သမားများအား Personal Protective Equipment ဝတ်စုံများဝတ်ဆင်ရန်နှင့် Volatile Organic Compounds ကို ထိန်းချုပ်

နိုင်သည့် ကိရိယာစက်ပစ္စည်းများကို အသုံးပြုရန်၊

(၂) အနံ့ထွက်ရှိမှုအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ အပိုဒ် ၁.၄ အနံ့ စံသတ်မှတ်ချက် တန်ဖိုးများအောက် (၅-၁၀ ppm) တွင်သာရှိစေရန် ထိန်းသိမ်းကြီးကြပ်ရန်။

(ဍ) **ယာဉ်အသွားအလာစီမံခန့်ခွဲမှု။** ယာဉ်သွားလာရေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စီမံကိန်းဧရိယာတွင် ယာဉ်ပိတ်ဆို့မှုများရှောင်ရှားနိုင်ရန် မော်တော်ယာဉ်များ၏ အမြန်နှုန်းနှင့် သွားလာမှုပမာဏကို လမ်းညွှန်ချက်စည်းမျဉ်းအတိုင်း သတ်မှတ်မောင်းနှင်ရန်။

(ဎ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် အနံ့အား တစ်နှစ်လျှင် (၂) ကြိမ်၊ လုပ်ငန်းခွင်အတွင်း Nitrogen dioxide ($NO_2$), Ozone ($O_3$), Particulate Matter ($PM_{10}$), Particulate Matter ($PM_{2.5}$), Sulfur dioxide ($SO_2$), Volatile Organic Compound (VOC), Carbon Monoxide (CO), odor စသည့်တို့ကို တိုင်းတာစစ်ဆေးရန်၊

(၂) ရေအရည်အသွေးအား စီမံကိန်း၏ အထက်ဘက်နှင့်အောက်ဘက် ရန်ကုန်မြစ်အတွင်း (၂) နေရာ၊ ရေဆင်းမြောင်းနေရာ (၁) နေရာ၊ စီမံကိန်းဧရိယာအနီးရှိ ရေထွက် ပေါက်နေရာ (၁) နေရာ တို့တွင် (၆) လတစ်ကြိမ် Turbidity, EC, Total hardness, Total dissolved Solids, Chloride, Sulfate, Calcium, Magnesium, Lead, BOD, COD, pH, Temperature စသည့်တို့ကို တိုင်းတာစစ်ဆေးရန်၊

(၃) အသံဆူညံမှုနှင့်တုန်ခါမှုအရည်အသွေးအား လုပ်ငန်းခွင်အတွင်း တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား လစဉ်တိုင်းတာစစ်ဆေးသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) မြစ်ကမ်းပါးပြိုမှု၊ အနည်ထိုင်မှုနှင့် စီးဆင်းရေအား စီမံကိန်းဧရိယာအတွင်း လစဉ်တိုင်းတာ စစ်ဆေးရန်။

(ၒ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် Regency SPC company limited ရုံးအစည်း

အဝေးခန်းမ၌ နံနက် ၁၀:၃၀ မှ ၁၂:၀၀ နာရီအထိ အစည်းအဝေး တတ်ရောက်သူ (၃၁) ဦးဖြင့် ကျင်းပခဲ့ပြုလုပ်ခဲ့ပါသည်။

(ဃ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းအား အစီရင်ခံစာ၌ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ရေအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ကျပ် (၃၀) သိန်း အား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) တိုက်စားခြင်း၊ အနည်ထိုင်ခြင်းနှင့် ရေစီးရေလာအတွက် စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ကျပ် (၁၀) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လေနှင့်အသံဆူညံမှု စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ကျပ် (၄၀) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ကျပ် (၃၆) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) ယာဉ်လမ်းကြောစီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ကျပ် (၁၀) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) အများပြည်သူများနှင့် တွေ့ဆုံမှုနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်အတွက် နှစ်စဉ် ကျပ် (၁၀) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) လုပ်ငန်းခွင်လုံခြုံရေးနှင့် ကျန်းမာရေးအစီအစဉ်အတွက် နှစ်စဉ် ကျပ် (၁၅) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၈) အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်အတွက် နှစ်စဉ် ကျပ် (၇၀) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၉) ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးအစီအစဉ်အတွက် နှစ်စဉ် ကျပ် (၃၀) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင်ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာပင်မလုပ်ငန်းစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝအကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကိုဆောင်ရွက်ပေးသူကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များ အားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်ရန်၊

(၂) အစီရင်ခံစာတွင်ဖော်ပြထားသော ကတိကဝတ်များအား အပြည့်အဝလိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ကုမ္ပဏီ၏မူဝါဒများ၊ စီမံကိန်းနှင့်သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ စွန့်ပစ်ရေ၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်များနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) စွန့်ထုတ်အရည်နှင့်စပ်လျဥ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်း ဆိုင်ရာ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင် ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံ အဆင့်မှအများဆုံးမြင့်တက်မှု ၃dBAထက်မကျော်လွန်စေရေးလိုက်နာ ဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်နှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းပါ လမ်းညွှန်ချက်အရ အပိုဒ် ၂.၁.၉ ရေနံစိမ်းနှင့် ရေနံထုတ်ကုန်သယ်ပို့သိုလှောင် စခန်းလုပ်ငန်းဆိုင်ရာ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းနှင့်သက်ဆိုင်သော အခြားသက်ဆိုင်ရာမူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက် များကို လိုက်နာဆောင်ရွက်ရန်၊

(ဂ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့်ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ် အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို

ဆောင်ရွက်ပေးရန်နှင့်ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက်သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း နှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) တည်ဆောက်ရေးနှင့် လည်ပတ်ရေးကာလတွင် အလုပ်နှင့်ပတ်သက်သော သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှုနှင့် ကျန်းမာရေးထိခိုက်မှုများကို လျော့ကျစေရေး အလေးထားလိုက်နာဆောင်ရွက်ရန်။

(ဃ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ Waste and Wastewater Management Plan အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) Hazardous Waste များအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြ ထားသည့် Management Actions အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) အစိုင်အခဲနှင့် ညစ်ညမ်းသောစွန့်ပစ်ရေများအား အစီရင်ခံစာတွင် ဖော်ပြထား သည့်အတိုင်း “DOWA” နှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူ သည် ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ရေယာဉ်သွားလာမှုလမ်းကြောင်းများ၊ ရေယာဉ် သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိ ပေးရန်၊

(၃) ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်သွားရန်၊

(၄) စီမံကိန်းအနီးပတ်ဝန်းကျင်ဧရိယာအတွင်း အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအတွက်ပံ့ပိုးဆောင်ရွက်မည့် Community Development Plan နှင့် လူမှုရေးဆိုင်ရာပူးပေါင်းတာဝန်ယူမှုအစီအစဉ်(Corporate Social Responsibility- CSR) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) ဒေသခံပြည်သူများ (Stakeholders) နှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့်လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်နှင့် Livelihood Restoration Plan ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၈) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ (သို့မဟုတ်) နည်းစနစ်များမှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း (သို့မဟုတ်) အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော (သို့မဟုတ်) ဖြစ်ပေါ်စေနိုင်သောမတော်တဆမှုတစ်ခုဖြစ်ပွားခြင်း (သို့မဟုတ်) ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကိုကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသောဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု (သို့မဟုတ်) အခြားလုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု (သို့မဟုတ်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုဖြစ်လာနိုင်သည့်အကြောင်းကိုစ္စရပ် (သို့မဟုတ်) ဝန်ကြီးဌာနကအမြန်သိရှိရန်

လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီ အတွင်းလည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကိုစတင်သိရှိသည့်အချိန်မှ(၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သောဆိုးကျိုးသက်ရောက်မှုကြောင့်ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း (သို့မဟုတ်) ညစ်ညမ်းမှုတားဆီးရန် (သို့မဟုတ်) လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း (သို့မဟုတ်) တိုးချဲ့ခြင်း (သို့မဟုတ်) ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသောအချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သောဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ပြန်လည်တင်ပြရန်၊

(၈) မြန်မာဘာသာပြန်ထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကျဉ်းချုပ်အား စီမံကိန်းတည်ရှိရာနေရာနှင့်နီးစပ်သည့် မြို့နှင့်ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများသို့ ဖြန့်ဝေဆောင်ရွက်သွားရန်၊

(၉) အငြင်းပွားမှုများ၊ မကျေနပ်မှုများဖြေရှင်းရေးအတွက် Grievance Mechanism ကို တည်ထောင်၍ အဆိုပါ Grievance Mechanism ဆိုင်ရာ အချက်အလက်များ၊ တာဝန်ယူဖြေရှင်းမည့် ပုဂ္ဂိုလ်၏အမည်နှင့်ဖုန်းနံပါတ်၊ ဆက်သွယ်ပေးပို့ရမည့် လိပ်စာစသည်တို့ကို စီမံကိန်းတည်ရှိရာနေရာနှင့် နီးစပ်သည့် မြို့နှင့်ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများသို့ ဖြန့်ဝေဆောင်ရွက်သွားရန်။

(၁၀) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်းသက်သေခံစာရွက်စာတမ်းအထောက်အထားများတင်ပြရန်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့်အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှုတို့ကိုတင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသောအခက်အခဲများ၊ ယင်းအခက်အခဲများကိုကုစားရန် အကြံပြုချက်များနှင့်အလားတူအခက်အခဲများ၊ အနာဂတ်တွင်တွေ့ကြုံရနိုင်မှုကိုတားဆီးကာကွယ်ရန် (သို့မဟုတ်) ရှောင်လွှဲရန်အဆိုပြုသည့်ဆောင်ရွက်မှုများကိုတင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုလိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့်ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့်အချိန်သတ်မှတ်ချက်များကို တင်ပြရန်၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ဖြစ်ပွားသောမတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကိုတင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့်(သို့မဟုတ်) အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုများကို တင်ပြရန်။

(၁၁) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။**

စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု

ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့အကြောင်းကြားရမည်။

(ဈ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများအား လက်ရှိ (သို့မဟုတ်) စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ် များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့ အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင် ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက် ရာတွင်သက်ဆိုင်ရာဒေသရှိဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့်ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့်စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့်လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ည) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ် ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့်ရေးသား ဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊

လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကိုလက်တွေ့စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါကတိကဝတ်များကိုလိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်နှင့် ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင်နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations) စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့်ဆန်းစစ်လေ့လာမှုများစသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် (သို့မဟုတ်) ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကိုထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ်တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့်ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့်ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရေးတင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီ ထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ (သို့မဟုတ်) စီမံကိန်းနှင့် ဆက် စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့်စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင် နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသတ်မှတ်ချက်များအားချိုးဖောက် သည် (သို့မဟုတ်) ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆ လျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနကသတ်မှတ်သည့် မည်သည့်အချိန်တွင် မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့်ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊

နှန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထား များကိုမိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကိုတွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့်ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက်ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်၊

(၁၀) Well Site Manager နှင့် Drilling and Completions Environment Adviser တို့ပူးပေါင်းဆောင်ရွက်ထားသော Audit/Inspect Compliance နှင့်ပတ်သက်သော Audit Compliance Report အား စောင့်ကြပ်ကြည့်ရှု ခြင်းအစီရင်ခံစာနှင့် အတူပူးတွဲတင်ပြရန်၊

(၁၁) သင့်လျော်သော Common and Edible Marine Living Resources များတွင် contents of Arsenic, Copper, Lead, Zinc, Chromium, Nickel, Aluminum, Barium, Cadmium, Mercury, Vanadium, Iron and Manganese, Total Petroleum Hydrocarbons, etc. အား တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုခြင်းအစီရင်ခံစာတွင်ဖော်ပြရန်။

(ဠ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက် များနှင့်စပ်လျဉ်း၍ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင် ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာ ဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူ သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်

သက်တမ်းမကုန်ဆုံးမီ (၆)လကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကိုအကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန်အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနကအချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း (သို့မဟုတ်) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့်အမှန်တကယ်ထိခိုက်မှု (သို့မဟုတ်) ထိခိုက်နိုင်မှုများကို လျှော့ချရန်ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း (သို့မဟုတ်) လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း (သို့မဟုတ်) ဖြစ်စေနိုင်ကြောင်း (သို့မဟုတ်) ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့်ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင်စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့်လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ထားသောနည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကိုလျှော့ချရာတွင် မလိုအပ်တော့ဟုဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုလိုက်နာ ဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက်ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှအကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင်ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနကသတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါကထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့်စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာသက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာလိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွက်စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်းအထောက်အထားများအားလုံးကိုတင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် (သို့မဟုတ်) ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ခွင့်ပြုချက်ရရှိပြီးမှသာလွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန်ခန့်ထားခြင်း (သို့မဟုတ်) ငှားရမ်းခြင်း (သို့မဟုတ်) အခွင့်အာဏာပေးခြင်းပြုထားသည့်ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် (သို့မဟုတ်) အတိုင်ပင်ခံများ၏ ပြုလုပ်မှု (သို့မဟုတ်) ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့်ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက်တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကိုလိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူခြင်းခံရမည်။

------------------------------------------------------------------------